ပထမပုဂ္ဂလိကဘဏ်လီမိတက်၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ဒေါ(နှစ်ဝက်)စာရင်းများကို ဘဏ်စီမံခန့်ခွဲရေးအဖွဲ့၏သုံးသပ်ဆွေးနွေးချက်

ပထမပုဂ္ဂလိကဘဏ်လီမိတက်၏ (၁.၁၀.၂၀၂၀) မှ (၃၁.၃.၂၀၂၁) ရက်နေ့အထိ ကုန်ဆုံးသော (၂၀၂၀-၂၀၂၁)ဘဏ္ဍာရေး နှစ်ဝက်(ဒေါ)အတွက် ပြင်ပစာရင်းစစ်မစစ်ဆေးရသေးသော အလုံးစုံဝင်ငွေရှင်းတမ်း(Comprehensive Income Statement)(Unaudited)အပေါ် ဘဏ်စီမံခန့်ခွဲရေး အဖွဲ့မှ အောက်ပါအတိုင်း သုံးသပ်တင်ပြအပ်ပါသည်။

၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် နှစ်ဝက်(၂၀၂၀ ခုနှစ်အောက်တိုဘာလမှ ၂၀၂၁ခုနှစ်မတ်လအထိ) ဝင်ငွေနှင့်အသုံးစရိတ် ရှင်းတမ်းရှင်းလင်းချက်

(၂၀၁၉-၂၀၂၀ ပထမနှစ်ဝက် (၁.၁၀.၂၀၁၉ မှ ၃၁.၃.၂၀၂၀)အထိနှင့် ၂၀၂၀-၂၀၂၁ ပထမနှစ်ဝက် (၁.၁၀.၂၀၂၀ မှ ၃၁.၃.၂၀၂၁)အထိ) (နှိုင်းယှဉ်ကာလ)

၁။ဝင်ငွေနှင့်အသုံးစရိတ်စာရင်း(Statement of Comprehensive Income)

(က) **အတိုးဝင်ငွေများ(Interest Income)**

ဘဏ်၏အဓိကဝင်ငွေဖြစ်သောအတိုးဝင်ငွေ(Interest Income)မှာယခင်နှစ် နှင့်နှိုင်း ယှဉ်ပါက ကျပ်သန်း၃၆၈၆.၆၉ သန်း(၃၂.၄၉) ရာခိုင်နှုန်းလျော့နည်းပါသည်။ထိုသို့လျော့နည်းရခြင်းမှာယ ခင် နှစ်ကထက် ချေးငွေပမာဏမှာကျပ်သန်း၃၆၀၄၄.၅၁ သန်း (၂၀.၇) ရာခိုင်နှုန်းလျော့နည်းသွားခြင်း၊ မမျှော်လင့်ဘဲ Covid-19 ကြောင့်စီးပွါး ရေးလုပ်ငန်းများကျဆင်းသွားခြင်း နှင့်တဆက်တည်းနိုင် ငံ ရေး ဖြစ် ပေါ်ပြောင်းလဲခြင်းများ ကြောင့်ချေးငွေကြွေးကျန်များ ထပ်မံ တိုးလာခြင်း ချေးငွေအတိုးများကိုလည်း ပြည့်ဝစွာ ကောက်ခံမရရှိခြင်းတို့ကြောင့်ဖြစ်ပါသည်။

(ခ) **အခြားဝင်ငွေများ(Other Income)**

ဘဏ်၏အတိုးဝင်ငွေအပြင်အခြားဝင်ငွေများဖြစ်ကြသောဝန်ဆောင်ခများ၊မီးအာမခံကော်မရှင်၊ ငွေလွှဲခ ရငွေစသည့် ဝင် ငွေများမှာ ယခင်နှစ်အလားတူကာလထက်ကျပ် ၆၅.၉၉ သန်း (၂၁.၃၅) ရာခိုင် နှုန်း လျော့ ငွင်နည်းရရှိခဲ့ပါ သည်။

ရှင်းလင်းချက်	(၁.၁၀.၂၀၁၉) မှ (၃၁.၃.၂၀၂၀)အထိ (ကျပ်သန်း)	(၁.၁၀.၂၀၂၀) မှ (၃၁.၃.၂၀၂၁)အထိ (ကျပ်သန်း)	ခြားနားချက် အတိုး/အလျော့	ရာခိုင်နှုန်း
အတိုးဝင်ငွေ	၁၁၃၄၆.၁၈	၇၆၅၉.၄၉	(၃၆၈၆.၆၉)	(၃၂.၄၉)
ချေးငွေပမာဏ	၁၇၄၁၄၇.၅၃	၁၃၈၁၀.၀၂	(၃၆၀၄၄.၅၁)	(၂၀.၇)
အခြားဝင်ငွေ	၃၀၉.၁၂	၂၄၃.၁၃	(၆၅.၉၉)	(၂၁.၃၅)

(ဂ) **အပ်ငွေပေါ်ပေးရသောအတိုးစရိတ်(Interest Expenses)များလျော့နည်းရခြင်း**

ဘဏ်အပ်ငွေများအပေါ်ပေးသောအတိုးစရိတ်များ(Interest Expenses) မှာလည်းယခင် ဘဏ္ဍာ ရေး နှစ်ထက်အပ်ငွေကျပ်၂၃၇၅၃.၈၃^{ရ}သန်းလျော့နည်းလာခြင်းအပ်ငွေပေါ်ပေးသောအတိုးနှုန်းလျော့ချခဲ့သဖြင့်အတိုးစရိတ်လျော့ကျသွားခြင်းတို့ကြောင့်အပ်ငွေအပေါ်ပေးရသည့်အတိုးမှာလည်းကျပ်၂၇၅၈.၄၅သန်းလျော့ပြီးယခင်နှစ်အတိုးစရိတ်ထက် (၄၀.၃၇)^{ဝ} ရာ ခိုင် နှုန်းလျော့နည်းပါသည်။

<u>အသုံးစရိတ်(Operating Expense)များ</u>

(ဃ) ၂၀၂၀-၂၀၂၁ဘဏ္ဍာရေးနှစ်ပထမခြောက်လအတွက်အသုံးစရိတ်(Operating Expense) အပိုင်းတွင် ဝန်ထမ်း စရိတ်များ (Personnel Expenses)ကိုယခင်နှစ်အလားတူကာလထက် (၂.၆၀) ရာခိုင်နှုန်းသာ တိုးမြင့်သုံးစွဲခဲ့ပြီး၊အထွေထွေ နှင့် စီမံခန့်ခွဲမှုစရိတ်(General & Administrative Expenses) များတွင် ၁၈.၈၅ ရာခိုင်နှုန်းခန့် ပို၍သုံးစွဲခဲ့ပါသည်။ပို၍သုံးစွဲရသည့်စရိတ်မှာCore Banking Software စာရင်းပယ် ဖျက်တန်ဖိုးကျပ် သန်း(၂၇၄.၀၉)ပါဝင်ပါသည်။

ရှင်းလင်းချက်	(၁.၁၀.၂၀၁၉) မှ (၃၁.၃.၂၀၂၀)အထိ (ကျပ်သန်း)	(၁.၁၀.၂၀၂၀) မှ (၃၁.၃.၂၀၂၁)အထိ (ကျပ်သန်း)	ခြားနားချက် အတိုး/အလျော့	ရာခိုင်နှုန်း
အပ်ငွေပမာဏ	၁၉၈၁၄၁.၄၂	၁၇၄၃၈၇.၅၉	(၂၃၇၅၃.၈၃)	(၁၁.၉၉)
အပ်ငွေပေါ်ပေးရသည့် အတိုး	၆၈၃၂.၃၉	၄၀၇၃.၉၅	(၂၇၅၈.၄၅)	(၄၀.၃၇)
လစာနှင့်စရိတ်များ	၁၀၄၃.၅၁	၁၀၇၁.၆၂	၂၇.၁၁	၂.၆၀
အထွေထွေနှင့် စီမံခန့်ခွဲမှုစရိတ်	၇၆၉.၃၆	၉၁၄.၃၉	၁၄၅.၀၃	၁၈.၈၅

၂။ ဘဏ္ဍာရေးအခြေအနေရှင်းတမ်း(Statement of Financial Position)အပေါ်သုံးသပ်ချက်

ပထမပုဂ္ဂလိကဘဏ်လီမိတက်၏ (၁.၁၀.၂၀၂၀ မှ ၃၁-၃-၂၀၂၁) ရက်နေ့အထိ (၂၀၂၀-၂၀၂၁)ဘဏ္ဍာရေး နှစ်ဝက်အ ခြေအ နေ ရှင်းတမ်း (Statement of Financial Position as at 31 March 2021) (Unaudited)အပေါ် ဘဏ်စီ မံခန့် ခွဲရေးအဖွဲ့မှ အောက်ပါအ တိုင်းသုံးသပ်တင်ပြအပ်ပါသည်။

<u>ရရန်ပိုင်ခွင့်များ(Assets)</u>

(က) (၂၀၂၀-၂၀၂၁)ဘဏ္ဍာရေးနှစ်ဝက်၃၁-၃-၂၀၂၁ နေ့ရှိဘဏ်၏ငွေနှင့်ငွေသား ကဲ့သို့တန်ဖိုးတူရပိုင် ခွင့်များ (Cash & Cash equivalents) မှာယခင်ဘဏ္ဍာရေးနှစ်ထက် (၀.၈၆) ရာခိုင် နှုန်း အနည်းငယ် လျော့နည်းပါသည်။ချေးငွေနှင့်ရ ရန်ရှိ များ (Loans and receivables) သည်ယခင်နှစ်ထက် (၂၀.၇) ရာခိုင်နှုန်းလျော့နည်း သွားပါသည်။၂၀၂၀-၂၀၂၁ဘဏ္ဍာရေး နှစ်ပထမ ၆ လအတွင်းဘဏ်မှ လုံခြုံစိတ် ချရသောအစိုးရငွေတိုက်စာချုပ်ကျပ်သန်း ၁၅၅၀၀ (၁၅.၅ ဘီလီယံ)ဖိုးထပ်မံဝယ်ယူရင်းနှီးမြှုပ်နှံခဲ့သဖြင့် ရင်းနှီး မြှုပ်နှံမှု(Investments)တွင်၂၀၁၉-၂၀၂၀ဘဏ္ဍာနှစ်ထက်(၇၄.၈၇) ရာခိုင်နှုန်းပိုမိုရင်းနှီးမြှုပ်နှံထား ကြောင်း တင်ပြအပ်ပါသည်။ဘဏ်ချေးငွေကြွေးကျန်အောင်လံမြို့မှငွေချေးသူတစ်ဦး၏ အာမခံပစ္စည်း များကိုဘဏ်ချေးငွေဖြင့်ခုနှိမ်ပြီးလေလံဆွဲဝယ်ယူခဲ့သောကြောင့်(Property Acquired Borrower) တွင်ယ ခင် ဘဏ္ဍာရေးနှစ်ထက် ပိုတိုးခဲ့သော်လည်း စုစုပေါင်းရရန် ပိုင်ခွင့်(Total Assets) များမှာ ယခင် ဘဏ္ဍာ ရေးနှစ်အလားတူကာလထက် (၈.၅၃) ရာခိုင်နှုန်း လျော့ နည်း ခဲ့ပါသည်။

<u>အစုရှင်များ၏စုစုပေါင်းပိုင်ဆိုင်ခွင့်(Shareholders' Equity)</u>

(ခ) အစုရှင်များ၏ပိုင်ဆိုင်ခွင့်(Equity) တွင်ဥပဒေအရလျာထားသီးသန့်ရန်ပုံငွေ(Statutory reserve)မှာ နှစ်အလားတူကာလထက် (၆.၄၈) ရာခိုင်နှုန်းပိုမိုများလာပါသည်။ နှုတ်ချန်ထားဝင်ငွေ စာရင်း (Retained Earning)မှာ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်၏ဝင်ငွေ(အမြတ်)ကျပ် ၃၈၃၈.၀၁ သန်း(အစုရှင်များသို့ခွဲဝေ မပေးရသေးသောအမြတ်လက်ကျန်)ကိုဗဟိုဘဏ်၏ညွှန်ကြား ချက်အရၫင်းစာရင်းတွင်ဖော်ထား ခြင်းဖြစ်ပါသည်။

ရှင်းလင်းချက်	(၁.၁၀.၂၀၁၉) မှ (၃၁.၃.၂၀၂၀)အထိ (ကျပ်သန်း)	(၁.၁၀.၂၀၂၀) မှ (၃၁.၃.၂၀၂၁)အထိ (ကျပ်သန်း)	ခြားနားချက် အတိုး/အလျော့	ရာခိုင်နှုန်း
ငွေသားနှင့်ငွေသားကဲ့သို့ တန်ဘိုးတူရပိုင်ခွင့်များ	၄၉၅၉၇.၆၂	၄၉၁၇၅.၄၅	(၄၂၂.၂၇)	(၀.၈၆)
Investments	၂၀၇၀၁.၃၀	၃၆၂၀၁.၃၀	၁၅၅၀၀.၀၀	၇၄.၈၇
Total Assets	၂၇၀၅၅၁.၃၅	၂၄၇၄၆၄.၁၇	(၂၃၀၈၇.၁၈)	(၈.၅၃)
Statutory Reserve	၁၅၆၉၅.၁၉	၁၆၇၁၂.၂၄	၁၀၁၇.၀၅	၆.၄၈
Retained Earning	၁၄၅.၈၅	၃၉၈၃.၈၅	၃၈၃၈.၀၀	၂၆၃၁.၅

နိဂုံးချုပ်အားဖြင့်တင်ပြရလျှင်

၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်၏ပထမ ၆ လကာလ(၁.၁၀.၂၀၂၀ မှ ၃၁.၃.၂၀၂၁)အထိ ဘဏ်လုပ်ငန်းများဆောင် ရွက်ရာတွင် COVID19ကပ်ရောဂါကာလအတွင်း တဆက်တည်းဖြစ်ပေါ်ခဲ့သောနိုင်ငံ၏ ဖြစ်ပေါ်နေသော အခြေအနေတို့ကြောင့်စီးပွါးရေး လုပ်ငန်းများကျ ဆင်းနေသဖြင့်ငွေချေးသူများထံမှ အတိုးအရင်း ပေးသွင်းရမည့် ရက်များကိုရွှေ့ဆိုင်းပေးရခြင်း၊ချေးငွေအတိုးဝင်ငွေများအပြည့်အဝကောက် ခံမရရှိခြင်းစသည်တို့ကြောင့်ဝင်ငွေ မကျဆင်းစေရန်နှင့်ချေး ငွေကြွေးကျန်များမဖြစ် စေရန် အခက်အခဲများကြားမှ ဘဏ် ရှင်သန်ရပ်တည်ရေးအတွက် အစွမ်းကုန်ကြိုးစားလျက်ရှိကြောင်းတင်ပြအပ်ပါသည်။

ညွှန်ကြားချက်အရ

မြင့်ဇော်
အမှုဆောင်အရာရှိချုပ်